# ကုန်းဘောင်ခေတ် မြန်မာ့ခရီးသွားမှတ်တမ်းစာပေ လေ့လာချက်

ပါရဂူ (Ph.D) ဘွဲ့အတွက်တင်သွင်းသောကျမ်း


မမာမာမြင့်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၅ ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ကုန်းဘောင်ခေတ် မြန်မာ့ခရီးသွားမှတ်တမ်းများသည် မြန်မာစာပေသမိုင်း၏ အရေးပါသော ကဏ္ဍတစ်ရပ်အနေဖြင့် ခိုင်မာစွာ တည်ရှိနေခဲ့သည်။ ထိုမှတ်တမ်းများတွင် နိုင်ငံရေးဆိုင်ရာ ခရီးသွားမှတ်တမ်း၊ သာသနာရေးဆိုင်ရာ ခရီးသွားမှတ်တမ်း၊ စီးပွားရေးဆိုင်ရာ ခရီးသွားမှတ်တမ်းဟူ၍ ခွဲခြားတွေ့ရှိရပေသည်။ ထိုခေတ်ခရီးသွားမှတ်တမ်းများအကြောင်းကို ဤကျမ်းတွင် အောက်ပါအတိုင်း အခန်းခွဲကာ လေ့လာတင်ပြထားပါသည်။

အခန်း (၁) တွင် ခရီးသွားမှတ်တမ်းစာပေ၏ သဘောသဘာဝကိုလည်းကောင်း၊

အခန်း (၂) တွင် ကုန်းဘောင်ခေတ်မြန်မာ့ခရီးသွားမှတ်တမ်းစာပေအကြောင်းကိုလည်းကောင်း ရေးသားဖော်ပြထားပါသည်။

အခန်း (၃) တွင် ကုန်းဘောင်ခေတ် မြန်မာ့ခရီးသွားမှတ်တမ်းစာပေများကို

- နိုင်ငံရေးအရ သွားခဲ့သည့် ခရီးသွားမှတ်တမ်းစာပေများ
- စီးပွားရေးအရသွားခဲ့သည့် ခရီးသွားမှတ်တမ်းစာပေများ
- သာသနာရေးအရ သွားခဲ့သည့် ခရီးသွားမှတ်တမ်းစာပေများဟု အကြောင်းအရာကိုလိုက်ပြီး အမျိုးအစားခွဲကာ လေ့လာတင်ပြထားပါသည်။

အခန်း (၄) တွင် ထိုခေတ်မြန်မာ့ခရီးသွားမှတ်တမ်းများကို နှိုင်းယှဉ်ဝေဖန်သုံးသပ်ထားပြီး အခန်း(၅)တွင် ဖော်ပြပါ ခရီးသွားမှတ်တမ်းတို့အပေါ် ခြုံငုံသုံးသပ်လေ့လာတင်ပြထားပါသည်။